# ဗိုက်နာလာလျှင် ဘယ်အချိန်မှာ ဆေးရုံသွားရမလဲ။

## When to Come to Hospital in Labour

Burmese July 2022

အိမ်မှ မထွက်ခွာမီ ကလေးမွေးဖွားခြင်းဝန်ဆောင်မှု သို့မဟုတ် မိမိ၏ သားဖွားဆရာမထံ ဆက်သွယ်ပါ။ သားဖွားဆရာမက ဘာလုပ်ရမယ်ဆိုတာကို ပြောပြပြီး မေးခွန်းမှန်သမျှကို ဖြေကြားပေးပါလိမ့်မည်။

### ပထမဆုံးကလေးမွေးဖွားမည့်သူဖြစ်လျှင်

မီးဖွားရန် သတ်မှတ်ရက်နီးလျှင် (၃၇ ပတ် သို့မဟုတ် ထို့ထက်ပိုလျှင်) ဆေးရုံသို့ လာရောက်သင့်သည်-

- ဗိုက်က ပုံမှန် နာလာပြီး ပိုမိုနာကျင်ကာ နာတဲ့အကြိမ်ရေ စိပ်လာတာ၊ အစမှ အဆုံး စက္ကန့် ၆၀ ကြာအောင် ဗိုက်နာလာသောအခါ။ ဤနည်းအတိုင်း အနည်းဆုံး တစ်နာရီခန့်ကြာအောင် ဗိုက်နာ နေလျှင်။ အမျိုးသမီး အများစုတွင် သုံးမိနစ်မှ ငါးမိနစ်ခန့်စီခြားပြီး ဗိုက်နာတတ်သည်။

### သို့မဟုတ်

- ရေမွှာပေါက်သောအခါ။ ရေမွှာပေါက်သောအခါ ကလေး၏ ပတ်လည်ရှိ ရေမွှာအိတ်က ကွဲထွက်သွားပါသည်။ ရေမွှာ အနည်းငယ်ဆင်းခြင်း သို့မဟုတ် ရုတ်တရက် ရေမွှာအရည်များဆင်းခြင်း ဖြစ်နိုင်သည်။ ရေမွှာပေါက်သောအခါ အမျိုးသမီးလစဉ်သုံးဂွမ်းစကို အသုံးပြုသင့်ပါသည်။ ဆေးရုံသို့ရောက်သောအခါတွင် သင်၏ သားဖွားဆရာမက ရေမွှာရည်၏ အရောင်နှင့် အနံ့ကို စစ်ဆေးမည်ဖြစ်သည်။

### သို့မဟုတ်

- အနီရောင်တောက်တောက် သွေးများဆင်းတဲ့အခါ

သားဦးကလေးကို မွေးဖွားရမှာဖြစ်ပြီး ကိုယ်ဝန် ၃၇ ပတ်မပြည့်မီ ဗိုက်နာခြင်း၊ ရေမွှာပေါက်ခြင်း၊ သွေးဆင်းခြင်းကဲ့သို့သော လက္ခဏာများရှိပါက ဆေးရုံသို့ ဆက်သွယ်သင့်ပါသည်။

### ယခင်က ကလေးမွေးဖွားဖူးပါက

အထက်ဖော်ပြပါ အကြံပြုချက်များကို လိုက်နာသင့်ပြီး ငါးမိနစ်မှ ခုနစ်မိနစ်ခြားခန့် ဗိုက်နာလာပါက ဆေးရုံသို့ သွားသင့်ပါသည်။

### အင်္ဂလိပ်စကားပြောအကူအညီလိုရင် ဘယ်လိုလုပ်မလဲ။

အင်္ဂလိပ်လို နားလည်သဘောပေါက်မှု သို့မဟုတ် အင်္ဂလိပ်လိုပြောရာတွင် အကူအညီ လိုအပ်ပါက ကျွမ်းကျင်သော စကားပြန်များ ရရှိနိုင်ပါသည်။ သင့်တွင် မိသားစုဝင် သို့မဟုတ် မိတ်ဆွေ တစ်ဦးဦး ရှိနေနိုင်သော်လည်း မိမိကိုယ်ကိုစောင့်ရှောက်မှုနှင့်ပတ်သက်သည့် ဆက်သွယ်မှုအားလုံးကို ကျွမ်းကျင်သော စကားပြန်မှ တစ်ဆင့် ဆောင်ရွက်သင့်ပါသည်။ **စကားပြန်ဝန်ဆောင်မှုများသည် အခမဲ့ဖြစ်ပြီး ယုံကြည်စိတ်ချရပါသည်။**

သင့်အား စကားပြန်ထားပေးခြင်းမရှိပါက စကားပြန်တစ်ဦးကို တောင်းခံရန်မှာ သင့်အခွင့်အရေးဖြစ်သည်။ ဝန်ထမ်းများက သင့်အတွက် စကားပြန်ကို ကြိုတင်စီစဉ်ပေးလိမ့်မည်။

ကျွန်ုပ်တို့အားဆက်သွယ်ရန် စကားပြန်လိုအပ်ပါက တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှု (TIS) ၏ ဖုန်းနံပါတ် 131 450 သို့ ဖုန်းခေါ်ဆိုပါ။

**Local Contact (ဒေသ တွင်းဆက်သွယ်ရန်)**

Person's name (အမည် -): ____________________

Contact number (ဖုန်းနံပါတ် -): ____________________

Child, Youth & Family Services
301 Forbes Street, Darlinghurst, NSW 2010

Produced by South Eastern Sydney Local Health District
Translations funded by the Multicultural Health Service

စကားပြန်လိုအပ်ပါက ဘာသာပြန်ခြင်းနှင့် စကားပြန်ဝန်ဆောင်မှု (TIS) ၏ ဖုန်းနံပါတ် 131 450 သို့ ခေါ်ဆိုပါ။